SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းထုတ်ပြန်ချက်

ကောဇာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် တနင်္လာနေ့

မေလ (၃) ရက်၊ ၂၀၂၁ ခုနှစ်

## ရှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် RCSS/SSA တပ်ဖွဲ့များအား စစ်ကောင်စီတပ်ဖွဲ့များက ထိုးစစ်ဆင်၊ လူထုကို အတင်းအကြပ်ခိုင်းစေ၊ လူသားဒိုင်းအဖြစ်အသုံးပြု ပစ္စည်းလုယက်မှုများ ကျူးလွန်

2021 ဧပြီလကုန်ပိုင်းတွင် စစ်ကောင်စီ တပ်သားများနှင့် ဒေသခံပြည်သူ့စစ်များ ပူးပေါင်းကာ ရှမ်း/တောင် နမ့်စန်မြို့နယ်တွင် လှုပ်ရှားလျက်ရှိ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့များအား ဘက်ပေါင်းစုံမှ ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် ရွာသားများအား အတင်း အကြပ်ခိုင်းစေ၊ လူသားဒိုင်းကာအဖြစ် အသုံးပြု၊ ပစ္စည်းလုယက်မှုများ ကျူးလွန်ခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် စစ်ကောင်စီ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဗိုလ်ချုပ် ကျော်ကျော်နိုင် က ၎င်းတို့ မဟာမိတ်ဒေသခံပြည်သူ့စစ်ခေါင်းဆောင် ၄ ဦးအားဆင့်ခေါ်ပြီး နမ့်စန်တွင် အစီးအဝေးတရပ် ကျင်းပသည်။ အရပ်ဖက်အဖွဲ့အစည်း အာဏာဖီဆန်ရေးလှုပ်ရှားမှုများ (CDM) အား နှိပ်ကွပ် ခြင်း နှင့် RCSS/SSA တပ်ဖွဲ့များအား ရှမ်း/တောင် ကျိုင်းတောင်းမြို့နယ်မှ ရှင်းလင်းရာတွင် ကူညီရန် အမိန့်ပေး ညွှန်ကြားလိုက်သည်။ ပြည်သူ့စစ်ခေါင်းဆောင် တဦးလျှင် အင်အား ၁၀၀ စီ ဖြည့်တင်းပေးရန် ညွှန်ကြား သည်။ ရှမ်းပြည်တောင်ပိုင်းတွင် လှုပ်ရှားနေသည့် မတ်ကျိုင်းပြည်သူ့စစ်၊ နားယိုင်းပြည်သူ့စစ်၊ အက်(စ်) သုံးလုံးပြည်သူ့စစ် နှင့် ကာလိပြည်သူ့စစ် အဖွဲ့များ ပါဝင်သည်။

ကျိုင်းတောင်း နှင့် ဆက်စပ်လျက်ရှိ နမ့်စန်မြို့နယ် အရှေ့တောင်ဖက် နမ့်တိန်းမြစ်ဝှမ်း ဖက်ဆီသို့ အင် အား 500 ရှိ စစ်ကောင်စီ တပ်ဖွဲ့များကမြောက်၊ တောင် နှင့် အနောက်ဖက်ခြမ်းမှနေပြီး စစ်ကြောင်းချီ တက်လျက်ရှိသည်။

ဧပြီလ ၂၂ ရက်နေ့၊ မနက် 7.00 – 8.00 နာရီခန့် မိုင်းပန်အခြေစိုက် ခမရ-332 နှင့် ခမရ-575 မှ စစ် ကောင်စီ တပ်ဖွဲ့များသည် RCSS/SSA တပ်ဖွဲ့များနှင့် မိုးနဲ၏ မြောက်ဖက် နားခန် နှင့် ကောင်ယောင်း ကျေးရွာ အနီးတဝိုက်တွင် ထိပ်တိုက် ပစ်ခတ်မှုများ ရှိခဲ့သည်။

တနေ့တည်းတွင် နမ့်စန်မှ စစ်ကောင်စီ တပ်ဖွဲ့သည် နမ့်စန်မြို့အရှေ့ဖက် 20 ကီလိုမီတာအကွာ လွိုင်ငင်း ကျေးရွာအနီးတွင်လည်း RCSS/SSA တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွါးခဲ့သေးသည်။

ဧပြီလ 23 ရက်နေ့ 3.10 နေ့လည်ချိန်တွင် ကျိုင်းတောင်းအခြေစိုက် စစ်စခန်းမှ ခမရ-574 နှင့် ခမရ-576 မှ အင်အား ၁၀၀ ကျော်ခန့်ရှိ စစ်ကောင်စီ တပ်သားများသည် ဒေသခံ ပြည်သူ့စစ်များနှင့် ပူးပေါင်းကာ နမ့်တိန်းမြစ်ကမ်းဘေး ခိုလမ် ၏ တောင်ဖက် 25 ကီလိုမီတာ ခန့်အကွာတွင်ရှိသည့် ဖာဆွန့်ကျေးရွာသို့ ရောက်ရှိလာပါသည်။ ကျေးရွာသား ၇ ဦးအား ထရပ်ကား ၂ စီးဖြင့် ရွာ၏အရှေ့ဖက် လမ်းခွဲသို့ ရေသည် ပေးရန် အတင်းအကြပ်စေခိုင်းခဲ့သည်။

၂၀၂၁ ဧပြီလ နမ့်စန်အတွင်း မြန်မာစစ်တပ်မှ RCSS/SSAအား တိုက်ခိုက်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုပြမြေပုံ




နေ့ခင်း 3.30 နာရီနခန့်တွင် ၎င်းတပ်သားများသည် ရွာသူ/သားများအား ဒေသဘုန်းတော်ကြီးကျောင်းသို့ စုပေါင်း ရောက်လာကြရန် ညွှန်ကြားထားသည်။ ဖာဆွန့်ကျေးရွာတွင် အိမ်ခြေ အလုံး 80 ရှိပြီး ကျား/မ လူဦးရေ ရွာသူ/သားပေါင်း 300 ခန့်ရှိသည်။ စစ်ကောင်စီ၏ တပ်ဖွဲ့အား နှစ်ဖွဲ့ခွဲပြီး တဖွဲ့ကို ရွာတွင်ဝင်ရောက်ရှာဖွေကာ ကျန်ရှိသည့် တဖွဲ့ကိုတော့ ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသည့် လူထုအား စောင့်ကြပ်ရန်ဖြစ်သည်။

ညနေ 5.00 နာရီခန့်တွင် စစ်ကောင်စီတပ်သားများ တောတွင်း တနေရာတွင် ကင်းလှည့်နေစဥ် RCSS/SSA တပ်ဖွဲ့နှင့် ထိပ်တိုက်ဝင်တိုးကာ ဖာဆွန့်ကျေးရွာ အနီးတွင် တိုက်ပွဲဖြစ်ပွါးခဲ့သည်။

ညနေ 6.00 နာရီခန့်တွင် နှစ်ဖက်တိုက်ပွဲဖြစ်ပွါးစဥ် ဖာဆွန့်ကျေးရွာ ဘုန်းကြီးကျောင်းတွင် စုဝေးရောက်ရှိနေသည့် ရွာသား ၆ ဦးအား စစ်ကောင်စီတပ်သားများက ဖမ်းဆီးကာ ဘုန်းကြီးကျောင်း၏ အပြင်ဖက်တွင် ချီနှောင်ထားလိုက်သည်။

ညနေ 7.30 နာရီ ခန့်တွင် စစ်ကောင်စီ တပ်သားများနှင့် ဒေသခံ ပြည်သူ့စစ်များ ပူးပေါင်းကာ ဖာဆွန့်ကျေးရွာမှ အိမ် ၆ လုံးအား ရှာဖွေမွှေနှောက်ပြီး ပစ္စည်းများ လုယူသွားသည်။

နှစ်ဖက်တိုက်ပွဲနှင့် စစ်ကောင်စီ၏တပ်ဖွဲ့များ နှိပ်စက်ရမ်းကားမှုကြောင့် ရွာသူ/သားအချို့ ဖာဆွန့်မှ ထွက်ပြေးပြီး နီးစပ်ရာ မြို့နယ်များ၌ စစ်ဘေးခိုလှုံနေကြရသည်။

ဧပြီလ 24 ရက်နေ့ ညနေ 4.30 ခန့်တွင် ဖာဆွန့်ကျေးရွာ ရပ်မိရပ်ဖ အချို့သည် စစ်ကောင်စီတပ်ဖွဲ့က ဘုန်းကြီးကျောင်းမှ ဖမ်းဆီးထားသည့် ရွာသား ၆ ဦးအား ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံသည်။ တပ်သားများက ရွာသား ၆ ဦးအား တုတ်နှောင်ထားရာမှ ဖြေပေးခဲ့သော်လည်း ပြန်လွှတ်မပေးသေးပါ။

ဧပြီလ 24 ရက်နေ့တွင်ပင် အခြားသော စစ်ကောင်စီ တပ်ဖွဲ့များက ၇-မိုင် ကျေးရွာမှ ရွာသား ၂ ယောက်အား 10 ကီလိုမီတာ အဝေးရှိ ခိုလမ်တောင်ဖက် နမ့်တိန်းချောင်းအနီးတွင် တည်ရှိသည့် နားလောကျေးရွာ တောင်ဖက်သို့ လမ်းပြအဖြစ် စေခိုင်းခဲ့သည်။ ရွာသား နှစ်ယောက်အား ညနေ 7.30 နာရီတွင် ပြန်လွှတ်ပေးလိုက်သည်။

ဧပြီလ 25 ရက်နေ့ နံနက် 11.00 နာရီခန့်တွင် စစ်ကောင်စီ တပ်ဖွဲ့များသည် ဒေသခံ ပြည်သူ့စစ်များနှင့် ပူးပေါင်းကာ ဖာဆွန့်ကျေးရွာတွင် တပ်ဖွဲ့ နှစ်ဖွဲ့ ဖွဲ့စည်းပြီး တဖွဲ့ကို ဖာဆွန့်ကျေးရွာ၏ တောင်ဖက်၊ ကျန်တဖွဲ့ကို ရွာ၏အရှေ့မြောက်ဖက်သို့ ထွက်ခွါသွားကြသည်။ အဖမ်းဆီးခံ ဖာဆွန့်ကျေးရွာသား ၆ ဦးအား တောင်ဖက်အဖွဲ့ခွဲ စစ်ကောင်စီ တပ်သားများနှင့်အတူ လူသားဒိုင်းအဖြစ် 5 ကီလိုမီတာခန့် နမ့်တိန်း မြစ်ကမ်းနားရှိ ဝမ်းခဲကျေးရွာရောက်သည်အထိ လမ်းလျှောက်ကြရသည်။ ဝမ်းခဲတွင် ညအိပ်ကြရပြီးမနက် မိုးလင်းမှ ရွာသား ၆ ယောက်အား ပြန်လွှတ်ပေးကာ အိမ်ပြန်ကြရသည်။

ဧပြီလ 28 ရက်နေ့တွင် ဖာဆွန့်ကျေးရွာမှ စစ်ဘေးရှောင်သွားသော မိသားစုများ အိမ်ပြန်ရောက် လာကြသည်။

မတ်လ 30 ရက်နေ့တွင် စစ်ကောင်စီ တပ်ဖွဲ့များသည် RCSS/SSA က လူထုဆန္ဒပြပွဲကိုထောက်ခံသည် ဆိုသည့်အကြောင်းပြချက်ဖြင့် ရှမ်း-ထိုင်းနယ်စပ်တလျှောက် တပ်စွဲထားသော ၎င်းတို့တပ်စခန်းများအား

တိုက်ခိုက်ခံရဖွယ်ရှိကြောင်း ထိုင်းအာဏာပိုင်မှ တဆင့် သတိပေးထားသည်။ စစ်ကောင်စီ တပ်ဖွဲ့များက ဧပြီလ 18, 19 နှင့် 21 ရက်နေ့များတွင် လက်နက်ကြီးများဖြင့် ယင်း RCSS/SSA တပ်စခန်းများအား ပစ်ခတ်မှု ရှိခဲ့ကြောင်း ၎င်းဒေသတွင်းရှိ လူဦးရေပေါင်း 6,000 ခန့် နေထိုင်လျက်ရှိသည့် ဒုက္ခသည်များ ကြောက်လန့်နေကြသည်။

*ဧပြီလ 23, 2021 ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့မှ လုယက်ခံရသူ ဖာဆွန့်ကျေးရွာသူ/သားများနှင့် ဆုံးရှုံးသည့်ပစ္စည်းများ စာရင်း*

| စဉ် | အမည် | ဆုံးရှုံးသည့်ပစ္စည်း | ကာလတန်ကြေး ကျပ်ငွေ |
|---|---|---|---|
| 1 | စိုင်းပီတိ + နန်းယိင်း | ဓားမ တလက် | 15,000 ကျပ် |
| | | စားသုံးဆီ 1 ပုလင်း | 3,000 ကျပ် |
| | | ဆား၊ ဟင်းခွေး မဆလာများ | 5,000 ကျပ် |
| 2 | စိုင်းလှ + နန်းခက် | ဆန် | 25,000 ကျပ် |
| | | ကြက် 10 ကောင် | 60,000 ကျပ် |
| | | ဓားမ တလက် | 7,000 ကျပ် |
| | | ဆား၊ အချိုမှုန့်၊ ဟင်းခွေး မဆလာများ | 5,000 ကျပ် |
| 3 | လုံးကုမ္မာ + ပါဖုန်း | ဓားမ တလက် | 7,000 ကျပ် |
| | | ဟင်းချက်အိုး အကြီး 1 လုံး | 8,000 ကျပ် |
| | | ပဲပုပ်ပြား 2 ပိဿာ | 10,000 ကျပ် |
| | | ဆား၊ အချိုမှုန့်၊ ဟင်းခွေး မဆလာများ | 4,000 ကျပ် |
| 4 | စိုင်းဆုစိန္တာ + နန်းမန် | ကြက် 5 ပိဿာ | 30,000 ကျပ် |
| | | ဆန် | 12,000 ကျပ် |
| | | ဆား၊ အချိုမှုန့်၊ ဟင်းခွေး မဆလာများ | 5,000 ကျပ် |
| 5 | စိုင်းမာလာ + နန်းအုံ | ကြက် 5 ပိဿာ | 30,000 ကျပ် |
| | | ဆား၊ အချိုမှုန့်၊ ဟင်းခွေး မဆလာများ | 5,000 ကျပ် |
| 6 | နန်းဟောင်း | ပလတ်စတစ်ပုံး 15 လုံး | 30,000 ကျပ် |

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | +66 94-728-6696 | (ရှမ်း၊ အင်္ဂလိပ်) |
| စိုင်းရွက်လွင် | +66: 97-173-1530 | (ရှမ်း၊ မြန်မာ) |